**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟို ဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

# ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး မှ (၇၆) နှစ်မြောက် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး နေ့ သို့ ပေးပို့သော သဝဏ်လွှာ

ကရင်သက္ကရာဇ် - ၂၇၆၂ ခုနှစ်၊ ထေးကူ လဆုတ် (၁) ရက်
ခရစ်သက္ကရာဇ် - ဖေဖော်ဝါရီလ (၅) ရက် ၂၀၂၃ ခုနှစ်

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အဖွဲ့ဝင်များနှင့် မျိုးချစ် တော်လှန်ရေး ရဲဘော် အပေါင်းတို့**

ယနေ့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ(၅)ရက်နေ့သည် **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး** ကို ဖွဲ့စည်းထောင်သည့် (၇၆)နှစ်မြောက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနေ့ ဖြစ်ပါသည်။ ထိုစဉ် ထိုအခါက ရှိခဲ့ကြသည့် ကရင်အဖွဲ့အစည်းများ တစုတစည်းတည်း စုစည်းပြီး အမျိုးသားရေးနှင့် နိုင်ငံရေး လှုပ်ရှားမှုများတို့ကို စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရန်နှင့် ကရင်အမျိုးသားတို့၏ အမျိုးသားရေး မျှော်မှန်း ချက်နှင့် နိုင်ငံရေး ရည်မှန်းချက်တို့ ရရှိရေးအတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ဦးစီးဦးဆောင်ပြု တာဝန်ယူဆောင်ရွက်သွားရန် တာဝန်ပေးလိုက်သည့်နေ့လည်း ဖြစ်သည်။ ထို့ကြောင့် ဤနေ့ကို အသိ အမှတ်ပြုပြီး **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး** နေ့အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ကရင် အမျိုးသားတို့မှ တာဝန်ပေးလိုက်သည့်အတိုင်း ကရင်အမျိုးသားတို့၏ အမျိုးသားရေးမျှော်မှန်းချက် နှင့် နိုင်ငံရေး ရည်မှန်းချက်တို့ ရရှိရေးအတွက် ယနေ့(၇၆)နှစ် ကာလအထိ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ချမှတ်လုပ်ဆောင်ရမည့် အမျိုးသားရေးဆိုင်ရာ၊ နိုင်ငံရေး ဆိုင်ရာ၊ စစ်ရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ စည်းရုံးရေး ဆိုင်ရာတို့တွင် ကြိုးစားလုပ်ဆောင်ခဲ့ကြသည့် ပါဝင်တိုက်ပွဲဝင်ခဲ့သည့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ ကေအဲန်ဒီအို ကရင်အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ ကေအဲန်အယ်အေ တပ်ဗိုလ်တပ်မှူး တပ်ဖွဲ့ဝင် များနှင့် ကရင်အမျိုးသား ပြည်သူလူထုတရပ်လုံးတို့အား စိတ်ခါတ်သုခ၊ ကာယသုခ နှင့် ပြည့်စုံပြီး ကရင်အမျိုးသားတို့၏ လိုလားသော အမျိုးသားရေး၊ နိုင်ငံရေး အန္တိမ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာ ပို့သအပ်ပါသည်။ ထို့အပြင် (၇၆)နှစ် ကာလအတွင်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ အမျိုးသားရေး၊ နိုင်ငံရေး ဦးဆောင်မှုအပေါ် တော်လှန်သစ္စာဖြင့် ခံယူချက်ခိုင်မာစွာဖြင့် ရပ်တည်ပြီး အသက်သွေးချွေးခန္ဓာများ ပေးဆပ်ခဲ့ကြသော ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ခေါင်းဆောင်များ၊ တပ်ဖွဲ့ဝင်များနှင့် ကရင်အမျိုးသား ပြည်သူလူထုများ တို့အား သမိုင်းမော်ကွန်း မှတ်တမ်းတင် ဦးညွှတ်အလေးပြုအပ်ပါသည်။

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ နှင့် ကရင်အမျိုးသား အပေါင်းတို့**

ကရင်ပြည်အရေးအပြင် မိမိတို့ ကရင့်အမျိုးသားများနှင့် သက်ဆိုင်သည့် အရေးကိစ္စရပ်များနှင့် စပ်လျင်း၍ အင်္ဂလိပ်အစိုးရအပြင် မြန်မာ့(ဗမာ့) လွပ်လပ်ရေးအတွက် တောင်းဆိုလှုပ်ရှားခဲ့ကြသော မြန်မာ (ဗမာ) အမျိုးသားများမှ အသိအမှတ်ပြုခြင်း၊ ဆွေးနွေးခြင်းများ မရှိခဲ့သောကြောင့်၊ မိမိတို့၏ ကရင့်အမျိုးသား ခေါင်းဆောင်ကြီးများသည် တစ်နိုင်ငံလုံးမှ ကရင်အမျိုးသားကိုယ်စားလှယ်များနှင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်နေ့မှ (၇) ရက်နေ့အထိ ရန်ကုန်မြို့တွင် ညီလာခံ တစ်ရပ် ကျင်းပခဲ့ ကြပြီး မိမိတို့ ကရင့်အမျိုးသားများ၏ လွပ်လပ်ရေး၊ ကရင်ပြည်အရေးနှင့် ကရင့်အမျိုးသားရေးဆိုင်ရာကိစ္စရပ်များကို ညီလာခံ ကြီးတွင် နီးနှော ဖလှယ်ခဲ့ကြပြီး တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။ ထိုညီလာခံကြီးတွင် ကရင့်အမျိုးသားများ၏ အမျိုးသားရေးအတွက် လှုပ်ရှားမှု ပိုမိုစုစည်းအားကောင်းရေးအတွက် ထိုစဉ်ထိုအခါက ဖွဲ့စည်းထားခဲ့ကြသည့် နိုင်ငံလုံးဆိုင်ရာ ကရင့်အမျိုးသားအဖွဲ့အစည်းများဖြစ်ကြသော ဒေါကလူအသင်း(KNA)၊ ဗုဒ္ဓဘာသာ ကရင်အမျိုးသား အသင်း(BKNA)၊ ကရင်ဗ ဟို အဖွဲ့ချုပ် (KCO) နှင့် ကရင်လူငယ် အစည်းအရုံး(KYO) အားလုံးကို ပူးပေါင်းပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) နေ့တွင် **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး (KNU)** ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကို ဖွဲ့စည်းတည်ထောင်လိုက်သည့် နေ့ဖြစ်ပါသည်။

ထို့အပြင်၊ မိမိတို့ **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**သည် ကရင်အမျိုးသားများ၏ သမိုင်းဖြတ်သန်းမှု၊ လက်တွေ့ ဘဝ အတွေ့အကြုံများနှင့် မိမိတို့ ကရင့်အမျိုးသားများ၏ တောင်းဆိုချက်များအရ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနည်းတူစွာပင်၊ မိမိတို့၏ **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**ကြီးကို တစ်နိုင်ငံလုံးရှိ နိုင်ငံလုံး ဆိုင်ရာ ကရင့်အမျိုးသား အဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များမှ ကရင့်အမျိုးသား ညီလာခံကြီးတွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုစတင်ဖွဲ့စည်းထူထောင်ခဲ့သည့် အချိန်မှစပြီး မိမိတို့ ကရင့်အမျိုးသားကို နိုင်ငံရေးအရ ဦးဆောင်ခဲ့ပြီး ကိုယ်စားပြုရပ်တည်ခဲ့သည့် ကရင့် အမျိုးသား အစည်းအရုံးကြီး ဖြစ်ပါသည်။

မိမိတို့ **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး** ကြီး၏ ထူးခြားချက်သည် သမိုင်းတလျှောက် မိမိတို့ ကရင့် အမျိုးသားများအား လုံးဝ သစ္စာဖောက်ခဲ့ခြင်း အလျှဉ်းမရှိသည့် အစည်းအရုံးကြီး ဖြစ်ပါသည်။ မိမိတို့ ကရင့် အမျိုးသားများအား နိုင်ငံရေးနှင့် အမျိုးသားရေး အရ စတင်ဦးဆောင်သည့် အချိန်မှစပြီး ကရင့် အမျိုးသားများ၏ ရည်မှန်းချက်များနှင့် နိုင်ငံရေး ကိစ္စရပ်များတွင် အစဉ်တစိုက် ဦးဆောင်မှု ပေးခဲ့ပါသည်။ အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့၏ အမျိုးသားရေးကို မပိုတ်မသုန် ထမ်းဆောင်ခဲ့ပါ သည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ အဖွဲ့ဝင်များနှင့် မျိုးချစ် တော်လှန်ရေး ရဲဘော် အပေါင်းတို့**

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**သည် မိမိတို့ ကရင့်အမျိုးသားများ၏ ရည်မှန်းချက်ပန်းတိုင်အတွက် တာဝန် အရှိဆုံး အစည်းအရုံးကြီး ဖြစ်သည့်အလျှောက် အစည်းအရုံးကြီး၏ ရည်မှန်းချက်၊ ပန်းတိုင်၊ နိုင်ငံရေး ရပ်တည်ချက်၊ ကရင်အမျိုးသားများ၏ ခုခံတော်လှန်ရေး နှင့် ကရင့် အမျိုးသားများအတွက် အသင့်လျော်ဆုံးနှင့် အကျိုးရှိမည့် ချမှတ်သင့်ချမှတ်အပ်သော တော်လှန်ရေး လမ်းစဉ်နှင့် လုပ်ငန်းစဉ်များကို ပြောင်းလဲ ဖြစ်ပေါ်နေသော နိုင်ငံရေး အခြေအနေများနှင့်အညီ ပြောင်းလဲချမှတ်တိုက်ဝင်လျှက်ရှိပါသည်။ ထို့ကြောင့်၊ မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးကြီးသည် ယနေ့ထက်ထိတိုင် မားမားမတ်မတ် ရပ်တည်နေနိုင်ခြင်း ဖြစ်ပါသည်။ ရှေ့ဆက်ကြိုးပမ်း လှုပ်ရှားမှုများ

တွင်လည်း မိမိတို့ အစည်းအရုံး ကြီး၏ ဦးဆောင်မှုအောက်၌ ရှိနေကြသော အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များ အနေဖြင့် အစည်းအရုံး၏ စိတ်ဓာတ် အပြည့်အဝ ရှိကြရန်၊ မိမိတို့ ကရင့်အမျိုးသားများ၏ ရည်မှန်းချက်နှင့် အကျိုးကို အမှန်တကယ် ကြိုးပမ်းအား ထုတ်ကြရန် လိုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် ကရင့်အမျိုး သားများ၏ အကျိုးအတွက် မိမိတို့ အနေဖြင့် ကျရာ တာဝန်များကို အခန်းကဏ္ဍအလိုက် အပြန်အလှန် နားလည်မှုဖြင့် ပူးပေါင်းဆောင် ရွက်နိုင်ရန် လိုအပ်ပါ သည်။

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ အဖွဲ့ဝင်များနှင့် မျိုးချစ် တော်လှန်ရေး ရဲဘော် အပေါင်းတို့**

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**သည် ကရင့်အမျိုးသားများမှ စတင် ဖွဲ့စည်းတည်ထောင်ပြီး တာဝန်အပ်နှင်းခဲ့သည်မှစ၍ ကရင်အမျိုးသားများအတွက် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့်နည်းတူ လာမည့် အနာဂတ်အချိန်တွင်လည်း ဆက်လက် ကြိုးစားအားထုတ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ကြရာ၌ ကရင့်အမျိုးသားများက အသိအမှတ်ပြုပြီး ထောက်ခံအား ပေးမှုများ ရရှိ နေရန်အတွက်လည်း ကြိုးစား အားထုတ်ကြရမည် ဖြစ်ပါသည်။ သို့မှသာ မိမိတို့၏ အစည်းအရုံးကြီး မားမားမတ်မတ် ရပ်တည်နိုင်ပြီး ရှင်သန်နေမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ မိမိတို့ **ကေအဲန်ယူ-ကရင်အမျိုးသား အစည်း အရုံး**ကြီး၏ အဖွဲ့ဝင်များ၊ ကရင့်အမျိုးသား တော်လှန်ရေးသမားများ အနေဖြင့် **ကေအဲန်ယူ-ကရင် အမျိုးသား အစည်းအရုံး**သည် ကရင့်အမျိုးသားများအတွက် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေသည်ကို ခံယူ၍ ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များ ပြီးမြောက် အောင်မြင်သည်အထိ အကောင်အထည် ဖေါ်ဆောင်နိုင်ရန် ကျရာ တာဝန် အသီးသီးတွင် တာဝန်ယူကြပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင် ရွက်သွားကြရန် ယနေ့ ကျရောက်သော **ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏** (၇၆) နှစ်မြောက်၊ နှစ်ပတ်လည်နေ့ အခါသမယတွင် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး**
**ဥက္ကဌ**
**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟို**